**Embassy of the Republic of the Union of Myanmar**
Via di Cortina d ampezzo 50, 00135 Rome, Italy
Tel: +39 06 36303753, Fax: +39 06 36298566
Email: merome2010@gmail.com

# ကျန်းမာရေးသတိပေးချက်ထုတ်ပြန်ခြင်း

အီတလီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၃-၂-၂၀၂၀ ရက် ၁၆၀၀ နာရီ ထုတ်ပြန်ချက်အရ novel Coronavirus (COVID-19) ကူးစက်သူ (၇၉)ဦး ရှိကြောင်းသိရှိရပါသည်။ ယင်းသို့ကူးစက်ခံရသူများအနက် နှစ်ဦးသေဆုံးခဲ့ပြီး၊ တစ်ဦးပြန်လည်ကောင်းမွန်၍ လက်ရှိ ကူးစက်ခံရသူ (၇၆)ဦး ရှိကြောင်း သိရှိရပါသည်။ အီတလီနိုင်ငံမြောက်ပိုင်း Lombardy ဒေသတွင် (၅၄)ဦး၊ Veneto ဒေသတွင် (၁၇)ဦး၊ Emila Romagna ဒေသတွင် (၂)ဦး နှင့် Piedmont ဒေသတွင် တစ်ဦးဖြစ်ပြီး မူလကကူးစက်ခံထားရသူ တရုတ်ခရီးသွား(၂)ဦးဖြစ်ကြောင်း သိရှိရပါ သည်။ ၂၂-၂-၂၀၂၀ ရက်တွင် အီတလီအစိုးရက ဒီကရီ တစ်ရပ် ထုတ်ပြန်ခဲ့ပြီး Casalpusterlengo၊ Codogno၊ Castiglione d'Adda၊ Fombio၊ Maleo၊ Somaglia၊ Bertonico၊ Terranova dei Passerini၊ Castelgerundo၊ San Fiorano နှင့် Vo’Euganeo မြို့များသို့ အဝင်/အထွက်မပြုလုပ်ရန်၊ ယင်းမြို့များတွင် လူအများနှင့် သက်ဆိုင်သော အခမ်းအနားများမပြုလုပ်ရန်နှင့် အားကစားလှုပ်ရှားမှုများ မပြုလုပ်ရန်တားမြစ်ထားပါသည်။ ၎င်းဒေသများတွင် ဈေးဆိုင်နှင့် ကျောင်းများပိတ်ထားပြီး တတ်နိုင်သမျှ မိမိတို့၏ နေအိမ်အတွင်း၌သာ နေထိုင်ရန် သတိပေးထားပါသည်။

COVID-19 နှင့်ပတ်သက်သောသတင်းအချက်အလက်များနှင့် ကျန်းမာရေးအသိပညာများကို http://mohs.gov.mm/Main/content/publication/2019-ncov တွင်ကြည့်ရှုနိုင်ပါသည်။

အီတလီနိုင်ငံရောက်မြန်မာနိုင်ငံသားများအနေဖြင့် COVID-19 နှင့်ပတ်သက်၍ အကူအညီ လိုအပ်ပါက 328 7660965 နှင့် 380 239239 နံပါတ်များသို့ဆက်သွယ်နိုင်ပါသည်။

မြန်မာနိုင်ငံသားများအနေဖြင့် အီတလီနိုင်ငံအတွင်း COVID-19 နှင့်ပတ်သက်သော တိုးတက်မှုများကို အချိန်နှင့်တပြေးညီသတိဖြင့် စောင့်ကြည့်၍ သက်ဆိုင်ရာညွှန်ကြားချက်များကို လိုက်နာကြပါရန် အသိပေးထုတ်ပြန်အပ်ပါသည်။

မြန်မာသံရုံး၊ရောမမြို့
၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်